ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

အမှတ်၊ ၃၆၃/၄၂၁၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့

Email:dma@motc.gov.mm,dma.myan@gmail.com Tel:951397640

PO.Box:194 Fax:951397641


ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၉ ရက်

ကြေညာချက် ( ၁၁ /၂၀၂၀)

အကြောင်းအရာ။ **Coronavirus Disease 2019 (COVID- 19) ပြန့်ပွားမှုနှင့် ပတ်သက်၍ နောက်ဆက်တွဲ အကျိုးဆက်အရ မြန်မာသင်္ဘောသားများ၏ လုပ်သက်မှတ်တမ်းစာအုပ် (SIRB) များအား ယာယီသက်တမ်း တိုးမြှင့်ခြင်းဆိုင်ရာ လမ်းညွှန်ချက် ထုတ်ပြန်ခြင်း**

၁။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဖြစ်ပွားလျက်ရှိသော Coronavirus Disease 2019 (COVID- 19) ကပ်ရောဂါကြောင့် နိုင်ငံအများအပြားတွင် Lockdown ပြုလုပ်ခြင်း၊ လေယာဉ်ခရီးစဉ်များ ဖျက်သိမ်း ခြင်း၊ Transit Flight များခွင့်မပြုခြင်းများကြောင့် အပြည်ပြည်ဆိုင်ရာသွားသင်္ဘောများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော သင်္ဘောသားများအနေဖြင့် စာချုပ်သက်တမ်းကုန်ဆုံးပြီး ဖြစ်သော်လည်း မိခင်နိုင်ငံသို့ပြန်လာနိုင်ခြင်းမရှိဘဲ သင်္ဘောပေါ်တွင် ဆက်လက်တာဝန်ထမ်းဆောင် နေရသည့် အခက်အခဲများကို ကြုံတွေ့ရလျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ မြန်မာသင်္ဘောများနှင့် နိုင်ငံခြားအလံတင်သင်္ဘောများပေါ်တွင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိကြသော မြန်မာသင်္ဘောသားများအတွက် (၁-၃-၂၀၂၀) ရက်နေ့မှ (၃၀-၉-၂၀၂၀) ရက်နေ့အတွင်း သက်တမ်း ကုန်ဆုံးမည့် Seafarer Identification and Record Book (SIRB) စာအုပ်များ၏ သက်တမ်းအား ကုန်ဆုံးသည့်ရက်နေ့မှစ၍ ယာယီသက်တမ်း(၁) နှစ် တိုးမြှင့်ပေးလိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ (၁၃-၅-၂၀၂၀) ရက်စွဲပါ ကြေညာချက် (၅/၂၀၂၀) အား ဤကြေညာချက်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

9/9/20
စိုးနိုင်
ညွှန်ကြားရေးမှူးချုပ်

D/New/MOTC

ဖြန့်ဝေခြင်း

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း
မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်(MSESF)
SRPS ကုမ္ပဏီများအားလုံး

မိတ္တူကို-

ညွှန်ကြားရေးမှူးချုပ်ရုံး၊
ဒုတိယညွှန်ကြားရေးမှူးချုပ်(နည်းပညာ)၊
ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ)၊
ရေကြောင်းဌာနခွဲ၊
ရေကြောင်းအင်ဂျင်နီယာဌာနခွဲ၊
ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊လုံခြုံရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ၊
ရုံးလက်ခံ။